# နဘဲကန်ကျေးရွာ

နဘဲကန်ကျေးရွာအုပ်စု

တောင်သာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နဘဲကန်ကျေးရွာ၊တောင်သာမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မှကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇူလိုင် လ

# မာတိကာ


မာတိကာ ၂-၃

ပုံအညွှန်းများ

နဘဲကန်ကျေးရွာမြေပုံ ၄

နိဒါန်း ၅

၁။ တည်နေရာ၊မြေမျက်နှာသွင်ပြင်အနေအထား

၂။ သဘာဝအရင်းအမြစ်များ ၇

၃။ လူမှုဘဝဖွံ့ဖြိုးမှုအခြေအနေ ၇

(က) လူဦးရေနှင့်အသက်အုပ်စုအလိုက်ဆိုင်ရာအကြောင်းအရာများ ၇

(ခ) လူမှုဘဝအခြေအနေ(ဝင်ငွေ၊ဥစ္စာဓနနှင့်မညီမျှမှု) ၈

(ဂ) ဆင်းရဲမှုဘေးအန္တရာယ်ကျရောက်နိုင်မှုနှင့်ထိခိုက်လွယ်မှု ၈

(ဃ) ကျန်းမာရေးနှင့်အဟာရ ၈

(င) ပညာရေးနှင့်ကျွမ်းကျင်မှုအတက်များ ၈-၉

(စ) ကျား မ ရေးရာ ၉

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံဆောင်ရွက်မှု ၉-၁၀

၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးမှုအခြေအနေ ၁၁

(က) စိုက်ပျိုးသီးနှံများ ၁၁

(ခ) မွေးမြူရေးလုပ်ငန်း ၁၁

(ဂ) ငါးလုပ်ငန်း ၁၁

(ဃ) သစ်တော ၁၁

(င) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ ၁၁

(စ) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတအရင်းအမြစ်များစီမံခန့်ခွဲမှု ၁၁

(ဆ) ဘဏ်နှင့်ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ၁၁

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုရရှိမှုအခြေအနေ ၁၂

(ဈ) သောက်သုံးရေရရှိမှုနှင့်သန့်ရှင်းရေး ၁၂

(ည) ပညာရေးဆိုင်ရာဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေ ၁၂

(ဋ) လူငယ်နှင့်ယဉ်ကျေးမှုအနုပညာ ၁၂

(ဌ) တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူဘေးကင်းလုံခြုံရေး ၁၂-၁၃

(ဍ) ကျေးလက်အခြေခံအဆောက်အဦးများ ၁၃
(ဎ) လျှပ်စစ်မီး ၁၃
(ဏ) ဆက်သွယ်ရေးနည်းပညာဆိုင်ရာအခြေခံအဆောက်အဦး ၁၃
၆။ ဖွံ့ဖြိုးရေးရည်မှန်းချက်နှင့်ဖွံ့ဖြိုးရေးဗျူဟာ ၁၃
(က) ဖွံ့ဖြိုးရေးရည်မှန်းချက် ၁၃
(ခ) အကောင်အထည်ဖော်မည့်ဗျူဟာ ၁၃
၇။ ဦးစားပေးစီမံကိန်းများ ၁၄
နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၅
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၆–၆၀
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၆၁–၆၅
နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) ၆၆–၆၈

၁. တောင်သာမြို့နယ်၊နဘဲကန်ကျေးရွာအုပ်စု၊နဘဲကန်ကျေးရွာ၏သယံဇာတပြမြေပုံ



## ၂. တောင်သာမြို့နယ်၊ နဘဲကန်ကျေးရွာအုပ်စု ၊ နဘဲကန်ကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်



၃. တောင်သာမြို့နယ် ၊ နဘဲကန်အုပ်စု ၊ မင်းကန်ကျေးရွာ၏ကျေးရွာတွင်းရှိရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



## ၁။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

နဘဲကန်ကျေးရွာသည်သည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် တွင် ပါဝင်သောကျေးရွာတစ်ရွာဖြစ်ပြီး တောင်သာမြို့၏ အရှေ့တောင်ဘက်(၁/၄)မိုင်ခန့်တွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် အလယ်ချိုင့်(ရ)၊ အလယ်ချိုင့်(တ)၊ အလယ်ချိုင့်(မ)ကျေးရွာ၊ အနောက်ဘက်တွင် မင်းကန်ကျေးရွာ၊တောင်ဘက်တွင်ကျောက်ချောကျေးရွာနှင့် မြောက်ဘက်တွင် မကြီးချိုကျေးရွာတို့နှင့်နယ်နိမိတ်ချင်းထိဆက်လျှက်ရှိပါသည်။နဘဲကန်ကျေးရွာ၏အကျယ်အဝန်းမှာ (၂၂)ဧကခန့်ကျယ်ဝန်းပြီးအနီးဆုံးမြို့မှာတောင်သာမြို့ဖြစ်ပါသည်။နဘဲကန်ကျေးရွာသည်တောင်သာ-မိတ္ထီလာလမ်းမှ တောင်သာ-နဘဲကန်ကျေးလက်လမ်းရှိပါသည်။တောင်သာ-နဘဲကန် လမ်း သည် ကျေးလက်ကျောက်ချောလမ်းဖြစ်ပြီး (၁/၄)မိုင်ခန့် ရှည်လျားပါသည်။ အဆိုပါလမ်းသည် ကျေးလက်ကျောက်ချောလမ်းဖြစ်ပြီး ဆောင်ရွက်သည့်နှစ်မှာကြာမြင့်နေပြီဖြစ်၍ လမ်းမျက်နှာပြင်များပျက်စီးလျက်ရှိပါသည်။ သို့သော်လည်း ကျောက်ချောလမ်းဖြစ်ခြင်း မြို့နယ်နီးချင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး သင့်တင့်ကောင်းမွန်ပါသည်။ မြေမျက်နှာပြင်အနေအထားမှာ ညီညာပြန့်ပြူးသောအနေအထားရှိပါသည်။

## ၂။ သဘာဝအရင်းအမြစ်များ

နဘဲကန်ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်များမထွက်ရှိပါ။ ကျေးရွာအနီးတွင်ကျောက်ကြမ်းများရှိသော်လည်းထုတ်ယူသုံးစွဲရန်ခက်ခဲသည်။ဆေးဖက်ဝင်အပင်များဖြစ်သော မီးကွင်းဂမုန်း၊ မြင်းဇက်ပဲ၊မရိုးလုံး၊မြင်းခွါရွက်၊ဆင်တုံးမနွယ်၊တောရှောက်ပင်၊သရင်းကြီးပင်၊ဘိစပ်ပင်၊သဘော်ပင်နှင့် ရှားဇောင်းလက်ပတ်များအတော်အသင့်ရှိပါသည်။

## ၃။ လူမှုဘဝဖွံ့ဖြိုးမှုအခြေအနေ

**(က) လူဦးရေနှင့်အသက်အုပ်စုအလိုက်ဆိုင်ရာအကြောင်းအရာများ။** ။နဘဲကန်ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၁၀)စုရှိ၍လူဦးရေမှာကျား (၂၀၂)ဦး၊ မ(၂၃၆)ဦး၊စုစုပေါင်း (၄၃၈)ဦး ရှိပါသည်။ တစ်အိမ်ထောင်ပျှမ်းမျှ လူဦးရေမှာ(၄)ဦး ဖြစ်သဖြင့်နိုင်ငံတကာ လူဦးရေ နှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။ ၁နှစ်အောက်လူဦးရေမှာ(၁.၁၄%)၊ ၁နှစ်မှ ၄ နှစ်အထိ(၃.၆၅%)၊၅ နှစ်မှ ၉ နှစ်အထိ(၇.၀၈%)၊ ၁၀ နှစ်မှ ၁၄ နှစ်အထိ (၇.၅၃%)၊၁၅ နှစ်မှ ၆၄နှစ်အထိ(၆၉.၆၃%)နှင့် ၆၅နှစ်နှင့်အထက်(၁၀.၉၆%)ဖြစ်ပါသည်။ နဘဲကန်ကျေးရွာတွင် အလုပ်လုပ် နိုင်သည့်ဦးရေမှာ စုစုပေါင်းလူဦးရေ၏ (၆၉.၆၃%) ဖြစ်သဖြင့် အလုပ်လုပ်နိုင်သော လူဦးရေများပြားပါသည်။

(ခ) **လူမှုဘဝအခြေအနေ(ဝင်ငွေ၊ဥစ္စာဓနမညီမျှမှု)။** ။နဘဲကန်ကျေးရွာတွင်လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်။ အိမ်ထောင်စုစုစုပေါင်း၏ (၅၉.၀၉%)မှာ လယ်ယာကိုယ်ပိုင်လုပ်ကိုင်နေကြသူများဖြစ်သည်။လယ်ယာထွက်ကုန်များမှာမိုးနည်းပါးခြင်း၊ အထွက်နှုန်းနည်းခြင်းကြောင့် စီးပွားရေးလုပ်ငန်းအားနည်းကြသည်။လူငယ်လူရွယ်များသည် ဆောက်လုပ်ရေးလုပ်ငန်းဖြစ်သော လက်သမားလုပ်ငန်းတွင် အများစုအလုပ်လုပ်ကိုင်ကြသည်။ အခြားလုပ်ငန်းများမှာ ပညာရေး၊ စက်ရုံ၊ လျှပ်စစ်၊ ဝန်ထမ်း၊ဖုန်းဆိုင်နှင့် ကားမောင်းခြင်းလုပ်ငန်းများလုပ်ကိုင်ကြသည်။ကျေးရွာအတွင်းတွင်လုပ်ခလစာအနေဖြင့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်မြင့်ဆုံးလုပ်အားအဖြစ် အမျိုးသားများ ကလုပ်အားခ (၆၀၀၀ိ/–)နှင့်အမျိုးသမီးများက(၄၀၀၀ိ/-)ရရှိကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျွမ်းကျင်သောလက်သမားအတွက် (၇၅၀၀ိ/–) ရရှိပြီး လက်သမားနောက်လိုက်များအတွက်(၆၀၀၀ိ/–)ရရှိပါသည်။ ကျေးရွာတွင် အခြားလုပ်ငန်းများ၏နေ့စားလုပ်အားခများတွင် တန်းတူညီမျှမှုမရှိပါ။ လုပ်အားခများ တွင် ကျား–မ လုပ်ခလစာကွာဟမှုရှိသည်။

(ဂ) **ဆင်းရဲမှုဘေးအန္တရာယ်ကျရောက်နိုင်မှုနှင့်ထိခိုက်လွယ်မှု။** ။နဘဲကန်ကျေးရွာတွင် ထိခိုက်သက်ရောက်မှုအနေဖြင့် သဘာဝရင်းမြစ်ရှားပါးမှု၊စိုက်ပျိုးရေ ရှားပါးခြင်း ၊ မိုးခေါင်ခြင်းသည်အမြင့်မားဆုံးဖြစ်သည်။ ကျေးရွာရှိယာမြေများသည် မိုးရွာသွန်းမှုအပေါ်မှီခို၍စိုက်ပျိုးကြရသဖြင့် ရံဖန်ရံခါမိုးခေါင်ခြင်းကြောင့်သီးနှံအထွက်နှုန်းနည်းခြင်း၊ ဆုံးရှုံးခြင်းဒဏ် ကိုခံစားရသည်။လူငယ်အများစုသည်လည်း ငယ်ရွယ်သူများဖြစ်ခြင်း၊ အမှားအမှန် ကောင်းစွာခွဲခြားနိုင်ခြင်းမရှိခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်မားသည်။ သီးနှံများအထွက် နှုန်းနည်းခြင်းကြောင့်လည်းလက်လုပ်လက်စား၊ကျပန်းများသာမက တောင်သူလတ်၊ တောင်သူကြီးများမှာထိခိုက်ခံစားရသည်။

(ဃ) **ကျန်းမာရေးနှင့်အဟာရ။** ။နဘဲကန်ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပဲ ၊ အောင်သာကျေးရွာတွင်သာရှိသည်။ တောင်သာမြို့ရှိမြို့နယ်ဆေးရုံမှာအောင်သာကျေးရွာထက်ပိုနီးသဖြင့်အရေးပေါ်ကိစ္စနှင့်ရောဂါကြီး၊ငယ်များအား မြို့နယ်ပေါ်ဆေးရုံသို့သွားရောက်ကုသကြသည်။ ကူးစက်ရောဂါဖြစ်ပွားသူမရှိပါ။ တစ်ခါတစ်ရံ ကလေးသူငယ်များမှာ ရာသီပေါ်တုတ်ကွေး၊ဖျားနာခြင်းတို့ ဖြစ်ပေါ်တက်ပါသည်။သို့သော်လည်း အများစုမှာကျန်းမာရေး ကောင်းမွန် ကြသည်။

(င) **ပညာရေးနှင့်ကျွမ်းကျင်မှုအတတ်ပညာများ ။** ။နဘဲကန်ကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် အလယ်တန်းနှင့်အထက်တန်းပညာကို ကျေးရွာနှင့်(၁/၄)မိုင်ခန့်ဝေးသော တောင်သာမြို့ရှိမင်းစုအထက်တန်းကျောင်းသို့သွားရောက်သင်ယူရသည်။

ကျေးရွာတွင် အလယ်တန်း၊ အထက်တန်းမရှိခြင်း ၊ စီးပွားရေးအခက်အခဲများကြောင့် ပညာကိုဆုံးခန်းသည်အထိသင်ယူနိုင်သူ နည်းပါးသည်။ ကျေးရွာ၏စာတက်မြောက်မှု အနေဖြင့် မူလတန်း မှတက္ကသိုလ်ကောလိပ်အဆင့်ထိ(၄၁၇)ဦးရှိပါသည်။လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာစတုရန်းပေ(၃၀၀၀)ရှိပါသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ သင့်တင့်ကောင်းမွန်သည့် အနေအထားရှိပြီးကျောင်းပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများမှာ လုံလောက်မှုမရှိပါ။ စာသင်ကျောင်းမှာလည်း လုံခြုံမှုမရှိသဖြင့်ခြံစည်းရိုးကာရံရန်လိုအပ်ပါသည်။မသန်စွမ်းသူများအတွက်ပညာရေး အထူးအစီအစဉ်မရှိပါ။ နဘဲကန်ကျေးရွာတွင်မူလတန်းအဆင့်ရှိသူမှာ (၄၈.၆၈%)၊ အလယ်တန်း အဆင့်ရှိသူမှာ(၂၃.၂၆%)၊ အထက်တန်းအဆင့်ရှိသူမှာ(၂၁.၅၈%)၊ တက္ကသိုလ်ကောလိပ် အဆင့်ရှိသူ(၆.၄၇%) ဖြစ်ပါသည်။ မူလတန်းအဆင့်ရှိသူမှာ အများဆုံးဖြစ်ပြီး တက္ကသိုလ်ကောလိပ်ရှိသူဦးရေမှာလည်း(၆.၄၇%)ဖြစ်ပါသည်။

**(စ) ကျား၊မ ရေးရာ။** ။နဘဲကန်ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများအရ ပညာသင်ယူ ရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများမှာ အမျိုးသားများနှင့်အတူတူပင် ဖြစ်သည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံဆောင်ရွက်မှု

ကျေးရွာတွင်မြေပဲ၊နှမ်း၊ပြောင်း၊ဝါ နှင့် ပဲစင်းငုံကိုအဓိကထားစိုက်ပျိုး ကြသည်။ သီးနှံများမှာ မိုးရွာသွန်းမှုအပေါ်မှီခို၍စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီး စိုက်ပျိုးရေးကုမ္ပဏီများမှလည်း တောင်သူများအတွက်ဝန်ဆောင်မှုပေးသည်။ လယ်ယာလုပ်ငန်းကိုအဓိကထားစိုက်ပျိုးသည့်ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးရန် စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်သည်။ကျေးရွာတွင်တွင်မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်အတွက် နွားကိုအဓိကထားမွေးမြူကြသည်။ တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့်ဆိတ်၊ ဝက်၊ ကြက်များကို မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်တက်သောရောဂါများကြောင့်လည်း တိရစ္ဆာန်များသေဆုံးမှုများရှိတက်သည်။မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးအဆင်ပြေ လာနိုင်မည်ဖြစ်သည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦး

ရေများပြားသော်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများ မရှိပါ။ ကျေးရွာတွင် အခြားအသက်မွေး လုပ်ငန်းအဖြစ်လက်သမားလုပ်ငန်းလုပ်ကိုင်သူများရှိပါသည်။အဆိုပါလုပ်ငန်းဖြင့် အသက်မွေးသူများ နည်းစနစ်မှန်ကန်စွာဆောင်ရွက်တက်စေရေးနှင့် အခြားဝင်ငွေရနေ့စားအလုပ်သမားများ အတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ပေးပါကပိုမိုအဆင်ပြေလာနိုင်မည် ဖြစ်ပါသည်။ ကျေးရွာတွင်မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ကျောင်းဆောင်(၁)ဆောင်ရှိပြီးသင့်တင့်ကောင်း မွန်ပါသည်။ အလယ်တန်းနှင့်အထက်တန်းကျောင်းတက်နှုန်းအသင့်အတင့်ရှိသော်လည်း တက္ကသိုလ် ကောလိပ်သို့ ငွေကြေးအခက်အခဲများကြောင့် တက်ရောက်နိုင်သူနည်းပါးပါသည်။မူလတန်းကျောင်း တွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ ကျောင်းဝန်းလုံခြုံရေးအတွက် ကျောင်းဝန်း အုတ်တံတိုင်းကာရံရန်လိုအပ်ကြောင်းတွေ့ရပါသည်။ကျေးရွာပြည်သူများအနေဖြင့်အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကိုကျေးရွာတွင်သာရရှိနိုင်ခြင်းမရှိပဲကျေးရွာနှင့်(၁/၄)မိုင်ခန့်ဝေးသောတောင်သာ မြို့နယ်ဆေးရုံသို့သွားရောက်ကုသရပါသည်။ အရေးပေါ်အခြေအနေတွင် ကျန်းမာရေးစောင့်ရှောက် မှုမှာလိုအပ်ပါသဖြင့် ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဆရာ/ဆရာမ ခန့်ထားပေးရန်လိုအပ် ပါသည်။သုံးရေအတွက်ရေတွင်း(၁)တွင်းနှင့်ကိုယ်ပိုင်စက်ရေတွင်း(၂)တွင်းရှိပါသည်။အဆိုပါရေတွင်း မှ သုံးရေအတွက်သုံးစွဲကြပြီး သောက်ရေကို မိုးရေလှောင်ကန်များဆောက်လုပ်ထားပြီး သောက်သုံး ကြသည်။ရေအရည် အသွေးစမ်းသပ်စစ်ဆေးထားခြင်းမရှိပဲနွေမိုးဆောင်းလုံလောက်ပါသည်။ကျေးရွာ ပြည်သူများ ရေတွင်းမှရေကို သွားရောက်ခပ်ယူရသဖြင့် အချိန်ကုန်လူပင်ပန်းခြင်းများဖြစ်၍ ရေပိုက် လိုင်း သွယ်တန်းပေးရန်နှင့်ကျေးရွာတွင်း ဂါလံ(၅၀၀၀)ဆံ့အုတ်ရေကန်တည်ဆောက်ပေးရန် လိုအပ် ပါသည်။ကျေးရွာတွင်ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် ကျေးရွာအိမ်ထောင်စုပေါင်း၏(၅၇.၂၇%)မှာ ယင်လုံအိမ်သာရှိပြီး (၄၁.၈၂%)မှာ ယင်လုံအိမ်သာမရှိပါသဖြင့် ကျန်းမာရေးအသိပညာဆိုင်ရာ သင်တန်းများပို့ချပေးသင့်ပါသည်။ကျေးရွာတွင်းလမ်းများမှ မြေသားလမ်းများဖြစ်ပါသည်။ မြေသား လမ်းများမှာလမ်းမျက်နှာပြင်ညီညာမှုမရှိခြင်း၊ ဖုန်ထူထပ်ခြင်း၊ မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း များကြောင့် သွားလာရခက်ခဲခြင်းများရှိပါသည်။ ကျေးရွာနှင့်မြို့ချင်းဆက်လမ်းမှာ ဆောင်ရွက်ထား သည့်နှစ်ကြာမြင့်နေပြီဖြစ်သည့်အတွက် လမ်းများကျောက်များထွက်နေခြင်းကြောင်း သွားလာမှု ခက်ခဲသဖြင့်လမ်းအဆင့်မြှင့်တင်ရန် အထူးလိုအပ်ပါသည်။ ကျေးရွာတွင်းတွင် မည်သည့်တံတားမျှ မရှိပါ။ကျေးရွာတွင်လူငယ်များ အပန်းဖြေအနား ယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာမဟုတ်သော်လည်း ကောင်းမွန်စွာပါဝင်ဆောင်ရွက် ကြသည်။ကျေးရွာရှိလူငယ်များကျန်းမာသန်စွမ်းစေရန်အတွက်အားကစားကွင်းနှင့်စာကြည့်တိုက်များ ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

## ၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးမှုအခြေအနေ

(က) စိုက်ပျိုးသီးနှံများ။ ။နဘဲကန်ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံများမှာမြေပဲ၊နှမ်း၊ ပြောင်း၊ဝါနှင့်ပဲစင်းငုံကိုစိုက်ပျိုးကြသည်။ ကျေးရွာတွင် နဘဲကန်ဆည်ရှိသော်လည်း စိုက်ပျိုးရေမရရှိပဲမိုးရွာသွန်းမှုအပေါ်မူတည်၍စိုက်ပျိုးသည်။

**(ခ) မွေးမြူရေးလုပ်ငန်း။** ။ နဘဲကန်ကျေးရွာတွင် မွေးမြူရေးကဏ္ဍ အနေဖြင့် လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်အတွက်နွားကိုအဓိကထားမွေးမြူကြသည်။တစ်ပိုင် တစ်နိုင်စီးပွားရေးအနေဖြင့် ဆိတ်၊ ဝက် ၊ကြက်များကို မွေးမြူကြသည်။ မွေးမြူရေးကို စီးပွားဖြစ်မွေးမြူနိုင်ပါကစီးပွားရေးပိုမိုအဆင်ပြေလာနိုင်သည်။ ကျေးရွာတွင် မွေးမြူ သည့် တိရစ္ဆာန်ကောင်ရေများပြားသဖြင့် တိရစ္ဆာန်ကာကွယ်ဆေးထိုးပေးရန်လိုအပ်ပါ သည်။

**(ဂ) ငါးလုပ်ငန်း။** ။နဘဲကန်ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူများ မရှိပါ။

**(ဃ) သစ်တော။** ။နဘဲကန်ကျေးရွာတွင်ယာမြေသာရှိသည်။အခြားသစ်တောများ မရှိပါ။

**(င) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။နဘဲကန်ကျေးရွာ ရှိစိုက်ပျိုးမွေးမြူရေးမဟုတ်သော ပြည်သူအများစုသည် တောင်သူလုပ်သားနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လက်သမားလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်း ပြုကြသည်။

**(စ) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတအရင်းအမြစ်များစီမံခန့်ခွဲမှု။** ။နဘဲကန်ကျေးရွာ ရှိသီးနှံစိုက်ခင်းများတွင် ဖျတ်ပိုးများကျရောက်၍ ပိုးသတ်ဆေးနှင့်ဓါတ်မြေဩဇာများ သုံးစွဲမှုများပြားသဖြင့်မြေဆီလွှာအရည်အသွေးကျဆင်းလာသည်၊တောင်သူများအနေ ဖြင့် ဘတ်စုံပိုးမွှားနှိမ်နင်းရေးစနစ်အားဓါတုပိုးသတ်ဆေးကိုသာအသုံးပြုမှုများ အစား သဘာဝမြေဩဇာများကို သုံးစွဲလာကြသည်။ စွန့်ပစ်အမှိုက်များကိုမိမိအိမ်တွင်ကျင်း တူး၍တိရိစ္ဆာန်၏အညစ်အကြေးများနှင့်အတူစွန့်ပစ်၍ထွက်ရှိလာသောမြေဩဇာများ အား လယ်ယာမြေများတွင်သုံးစွဲကြသည်။

**(ဆ) ဘဏ်နှင့်ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ။** ။နဘဲကန်ကျေးရွာတွင်စိုက်ပျိုးရေး အတွက်ထုတ်ချေးပေးသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမချေးငွေ၊ Pact Myanmar များမှ ငွေချေးပေးသည်မှအပ အခြားဘဏ်နှင့်ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်း များမရှိပါ။

(ဇ) **ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုရရှိမှုအခြေအနေ။** ။နဘဲကန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပဲ ကျေးရွာနှင့်အနီးဆုံး ဖြစ်သောတောင်သာမြို့နယ်ဆေးရုံ သို့သွားရောက်ကုသကြရသည်။

(ဈ) **သောက်သုံးရေရရှိမှုနှင့်သန့်ရှင်းရေး။** ။နဘဲကန်ကျေးရွာတွင်ရေတွင်း(၁)နှင့်ကိုယ်ပိုင်စက်ရေတွင်း(၂)တွင်းရှိပါသည်။ ကျေးရွာရှိအိမ်ထောင်စုများသည်သောက်ရေအတွက် ရေတွင်းမှရေကိုသာသုံးစွဲကြပြီး သောက်ရေအတွက် အိမ်များတွင် မိုးရေလှောင်ကန်များဆောက်လုပ်ထားပြီး မိုးရေကိုသောက်ကြသည်။ ရေတွင်းမှာ အရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်းမရှိသေးပါ။ ကျေးရွာပြည်သူများ သောက်သုံးရေကိုအဆင်ပြေချောမွေ့စေရန်နှင့် အချိန်ကုန်လူပင်ပန်းသက်သာစေရန်အတွက် ရေပိုက်လိုင်းသွယ်တန်းပေးရန်နှင့် ဂါလံ(၅၀၀၀)ဆံ့အုတ်ရေကန် တည်ဆောက်ရန်လိုအပ်ပါသည်။ နဘဲကန်ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသူအိမ်ထောင်စု(၆၃)စုရှိပြီးအိမ်သာမရှိသူအိမ်ထောင်စုမှာ(၄၆)စုရှိပါသည်။ အိမ်သာမရှိသူ အိမ်ထောင်စုသည် စုစုပေါင်းအိမ်ထောင်စု၏(၄၁.၈၂%)ရှိသဖြင့် ကျန်းမာရေးဗဟုသုတနည်းပါး၍ ကျန်းမာရေးအသိပညာ ဆိုင်ရာသင်တန်းများ ပို့ချပေးသင့်ပါသည်။

(ည) **ပညာရေးဆိုင်ရာဝန်ဆောင်မှု ရရှိနိုင်မှုအခြေအနေ။** ။နဘဲကန်ကျေးရွာတွင်မူလတန်းကျောင်းသာရှိပါသည်။ သို့သော်လည်း အလယ်တန်းနှင့်အထက်တန်းပညာသင်ကြားရန်အတွက် ကျောင်းနှင့်(၁/၄)မိုင်ခန့်သာဝေးသဖြင့်အခြားသောကျေးရွာများနှင့်ယှဉ်လျှင် သွားရောက်သင်ယူရမှုအနည်းငယ်နီးသည်ဟု ဆိုရပါမည်။

(ဋ) **လူငယ်နှင့်ယဉ်ကျေးမှုအနုပညာ။** ။နဘဲကန်ကျေးရွာတွင် ကျားမ မရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလတွင် ဥပုသ်နေ့များ၌ ပိဏ္ဍပတဆွမ်းလောင်းခြင်း၊ကျေးရွာတွင်းသာရေးနာရေးများတွင်လည်းကူညီ ဆောင်ရွက်ခြင်း၊များဆောင်ရွက်ကြပါသည်။ထနောင်းကုန်းရွာမကျေးရွာအမျိုးသမီးများမှာဘာသာရေးပွဲများတွင်ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း ၊နာရေးများတွင် သံဝေဂ အလင်္ကာများရွတ်ဆိုပို့ဆောင်ခြင်း၊ ပညာရေး၊လူမှုရေး၊ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူရင်ဘောင်တန်း၍ပူးပေါင်းဆောင်ရွက်ကြပါသည်။

(ဌ) **တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူဘေးကင်းလုံခြုံရေး။** ။နဘဲကန်ကျေးရွာတွင်ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ သို့သော်လည်းရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက်

လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ် လျော့ပါး ရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့အလွယ် တကူချိတ်ဆက်နိုင်၍ ရာဇဝတ်ဖြစ်ပွားခြင်းနည်းပါးသည်။

(ဍ) **ကျေးလက်အခြေခံအဆောက်အဦးများ။** ။နဘဲကန်ကျေးရွာတွင်အခြေခံ အဆောက်အဦးများမှာ ကျေးရွာစာကြည့်တိုက်(၁)ခု ဆောက်လုပ်ထားရှိပါသည်။

(ဎ) **လျှပ်စစ်မီး။** ။ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။

(ဏ) **ဆက်သွယ်ရေးနည်းပညာဆိုင်ရာအခြေခံအဆောက်အဦး။** ။ နဘဲကန်ကျေးရွာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေ ခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများမရှိပါ။

၆။ **ဖွံ့ဖြိုးရေးရည်မှန်းချက်နှင့်နှင့်ဖွံ့ဖြိုးရေးဗျူဟာ**

(က) **ဖွံ့ဖြိုးရေးရည်မှန်းချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အသုံးဝင်မှုနှင့်ရေတို၊ ရေရှည်ရည်မှန်းချက်များကို သိရှိနားလည်စေရန်၊ ကျေးရွာများအတွက် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ စနစ်တကျထိရောက်စွာ ဆောင်ရွက်နိုင်စေရန်ဖြစ်ပါ သည်။

(ခ) **အကောင်အထည်ဖော်မည့် ဗျူဟာ။** ။ဦးတည်အုပ်စု ဆွေးနွေးခြင်းမှရရှိလာ သောကျေးရွာ၏လိုအပ်ချက်များအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ အရည် အသွေးပြည့်မီသော အကျိုးရလာဒ်များပိုမိုရရှိစေရေး၊ လွှမ်းခြုံဧရိယာကျယ်ပြန့်ပြီး လူများစွာအကျိုးပြုစေရေး၊ မြန်မြန်ဆန်ဆန်လွှမ်းခြုံ အကောင်အထည်ဖော်နိုင်ရေး အတွက် ၊ရေရှည်တည်တံ့နိုင်သောလုပ်ငန်းများကိုရွေးချယ်၍စည်းလုံးညီညွတ်စွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာမီးလင်းရေးကော်မတီ၊ ကျေးရွာရေပေးရေး ကော်မတီများမှ သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း၊အကူညီတောင်းခံခြင်း၊ နည်းပညာအကူညီများရယူခြင်း၊ လိုအပ်သောရန်ပုံငွေအား ကျေးရွာပြည်သူမှကျခံ ဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

၇။ **ဦးစားပေးစီမံကိန်းများ**

နောက်ဆက်တွဲဇယား(၄၈)ဇယား

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေး အဆင့် | စီမံချက်အမည် | ဦးစားပေး အဆင့် |
|---|---|---|---|
| ရေပိုက်လိုင်းသွယ်တန်းလိုခြင်း | ၁ | မြို့နှင့်ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်လိုခြင်း | ၆ |
| ကျေးရွာတွင်းလမ်းတိုးချဲ့လိုခြင်း | ၂ | အသက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်လိုခြင်း | ၇ |
| ရေလှောင်ကန်တည်ဆောက်လိုခြင်း | ၃ | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်လိုခြင်း | ၈ |
| မူလတန်းကျောင်းအုတ်တံတိုင်းကာရံလိုခြင်း | ၄ | ဘောလုံးကွင်းတည်ဆောက်လိုခြင်း | ၉ |
| စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးစေလိုခြင်း | ၅ | | |

နောက်ဆက်တွဲ (၁)

## နဘဲကန်ကျေးရွာ ၊ နဘဲကန်ကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစံတင်အေး | ဦးစိန်ဖေ | ၉/တသန(နိုင်) ၀၄၇၃၁၇ | ၅၂ | ဥက္ကဌ | ၀၉-၄၄၅၄၀၁၁၀၅ |
| ၂ | ဦးဇော်မင်း | ဦးပိန် | ၉/တသန(နိုင်) ၀၈၈၆၅၁ | ၄၆ | အတွင်းရေးမှူး | ၀၉-၉၆၀၁၈၈၂၂၁ |
| ၃ | ဦးသာလှိုင် | ဦးဘိုကေ | ၉/တသန(နိုင်) ၀၄၇၃၂၄ | ၆၃ | ဘဏ္ဍာရေးမှူး | ၀၉-၄၂၂၅၈၄၈၅၃ |
| ၄ | ဦးအောင်ဇေယျာဖြိုး | ဦးလှထွန်း | ၉/တသန(နိုင်) ၂၁၇၀၇၂ | ၂၃ | စာရင်းကိုင် | ၀၉-၄၄၅၄၀၁၁၄၀ |
| ၅ | ဦးပေါ်မြိုင် | ဦးပေကြီး | ၉/တသန(နိုင်) ၀၄၇၁၆၀ | ၆၆ | သော့ကိုင်(၁) | ၀၉-၂၅၉၉၀၉၆၂၆ |
| ၆ | ဒေါ်စန်းစန်းဌေး | ဦးစံဌေ | ၉/တသန(နိုင်) ၁၅၄၈၁၇ | ၂၉ | သော့ကိုင်(၂) | ၀၉-၇၈၁၉၂၀၈၅၃ |
| ၇ | ဒေါ်မေသူဇာဝင်း | ဦးနေဝင်း | ၉/တသန(နိုင်) ၁၈၈၉၁၆ | ၂၇ | အဖွဲ့ဝင် | ၀၉-၇၈၅၉၂၉၃၃၁ |
| ၈ | ဦးဝင်းအောင် | ဦးဖုန်း | ၉/တသန(နိုင်) ၀၄၇၁၃၀ | ၅၀ | အဖွဲ့ဝင် | ၀၉-၇၇၄၄၇၁၁၂၄ |
| ၉ | ဦးသန်းမြိုင် | ဦးလူပု | ၉/တသန(နိုင်) ၁၀၃၂၆၂ | ၃၇ | အဖွဲ့ဝင် | ၀၉-၇၉၆၃၁၂၄၁၂ |
| ၁၀ | ဦးကြည်မောင် | ဦးညွန့်ကြီး | ၉/တသန(နိုင်) ၀၄၇၄၅၇ | ၆၁ | အဖွဲ့ဝင် | - |
| ၁၁ | ဦးစိန်မြင့် | ဦးထွန်းဦး | ၉/တသန(နိုင်) ၁၁၅၃၇၁ | ၃၇ | အဖွဲ့ဝင် | ၀၉-၂၅၆၅၉၂၃၅၃ |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၁ | ၅ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၆ | ၁၀ | ၁၆ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၇ | ၃၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၁၃ | ၃၃ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၄ | ၁၇၁ | ၃၀၅ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၂၄ | ၄၈ |
| **စုစုပေါင်း** | | ၂၀၂ | ၂၃၆ | ၄၃၈ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၁၀ | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၁၀)စုရှိ၍ လူဦးရေမှာ ကျား(၂၀၂)ဦးနှင့် မ(၂၃၆)ဦး၊ စုစုပေါင်း(၄၃၈)ဦးရှိပါသည်။ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေမှာ (၄)ဦး ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့်ယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။ နဘဲကန်ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ (၆၉.၆၃)%ဖြစ်သဖြင့် အလုပ်လုပ်နိုင်သော လူဦးရေများပြားပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်များမှာ ပြည်တွင်း၊ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်နေကြသူ များလည်းပါဝင်ပါသည်။

### (ခ)အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၉ | ၆၅ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၅ | ၈ | | မြင့် ☐လတ်☑နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၅ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐လတ်☑နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐လတ်☑နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၅ | ၂၈ | | မြင့် ☐လတ်☑နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၃ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐လတ်☑နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၃ | | မြင့် ☐လတ်☑နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ'အရေအတွက်တွင် ' မိသားစုဝင်လုပ်အား ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ' ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)' ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကိုဆိုလိုပါသည်။ ဥပမာ – ' စိုက်ပျိုးရေးကဏ္ဍ '၏ ' ကိုယ်ပိုင်လုပ်ငန်း' တွင် ရပ်တည်နိုင်မှု' မြင့်'ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်း များနေသည် ဝင်ငွေ ကောင်းနေသည်ဟု ဆိုလိုပါသည်။**

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာ၏ အဓိကအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အိမ်ထောင်စု စုစုပေါင်း၏(၄၄.၅)%မှာ လယ်ယာကိုယ်ပိုင်လုပ်ကိုင်သူများဖြစ်သည်။ လယ်ယာထွက်ကုန်များမှ အမြတ်နည်းသောကြောင့် စီးပွားရေးလုပ်ငန်းအားနည်းသည်ကို တွေ့ရသည်။ လူငယ်လူရွယ်များသည် ဆောက်လုပ်ရေးလုပ်ငန်းဖြစ်သော လက်သမားလုပ်ငန်းတွင် အများစုအလုပ်လုပ်ကိုင်ကြသည်။ အခြားလုပ်ငန်းများမှာ ပညာရေး၊ စက်ရုံ၊ လျှပ်စစ်၊ဝန်ထမ်း၊ ဖုန်းဆိုင်နှင့်ကားမောင်းခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊မွေးမြူ ခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၅၀၀ | ၅၀၀၀ | ၆၅၀၀ | ၄၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် (၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။နဘဲကန်ကျေးရွာတွင်လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင်လုပ်အားခလစာများအနေဖြင့် လယ်ယာလုပ်ငန်းများတွင် အမျိုးသားများအတွက်အများဆုံးလုပ်အားခ (၆၀၀၀ိ/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၄၀၀၀ိ/-)ရရှိပြီး အမျိုးသားများအတွက် အနည်းဆုံးလုပ်အားခ(၅၀၀၀ိ/-)နှင့်အမျိုးသမီးများအတွက်လုပ်အားခ (၄၀၀၀ိ/-)ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျွမ်းကျင်သောလက်သမားအတွက် (၇၅၀၀ိ/-)ကျပ် ရရှိပြီး လက်သမားနောက်လိုက်အတွက် (၆၀၀၀ိ/-) ကျပ်ရရှိပါသည်။ နေ့တွက် လုပ်အားခများတွင် အမျိုးသားများကပိုမိုရရှိကြသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၈၀.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | **၂၈၀.၅** | ☒ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၃)လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာတွင်ယာမြေဧက(၂၈၀.၅)ဧကဖြစ်ပြီး မိုးရွာသွန်းမှုအပေါ် မူတည်၍စိုက်ပျိုးကြပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐မရှိ☑ | လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ) | များ☐သင့်☑ နည်း☐ မရှိ☐ | လွယ်☑ ခက်☐အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုး စိတ်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | ☒ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။နဘဲကန်ကျေးရွာအနီးတွင် ကျောက်ကြမ်းများရှိပြီးထုတ်ယူသုံးစွဲရန် ခက်ခဲသည်။ ဆေးဘက်ဝင်အပင်များဖြစ်သော အပင်များရှိသည်။ အခြားသဘာဝတိရစ္ဆာန် မျိုးစိတ်များမရှိပါ။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ် အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင် စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကမှ ၅ ဧကကြား | ၁၀ ဧက မှ ၇ ဧက ကြား | ၇ ဧက မှ ၁ ဧကကြား | - |
| အိမ်အခြေအနေ | ၁ ထပ်တိုက် | ထရံအိမ် (၂)ထပ် | ထရံအိမ် မြေစိုက် | ထန်းရွက်မိုး ၊ ထန်းရွက်ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | လယ်ထွန်စက်၊ ကား | ဆိုင်ကယ်၊နွား၊ နွားလှည်း၊ထွန် ထယ် | ဆိုင်ကယ်၊ပေါက် ပြား၊ဂေါ်ပြား၊ တူရွင်း | စက်ဘီး၊ဓားမ တံစဉ်၊ပေါက်ပြား |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ် အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင် စု |
| အဓိကစီးပွားရေး လုပ်ငန်း | **စိုက်ပျိုးရေး၊ မွေးမြူရေး** | **စိုက်ပျိုးရေး** | **မွေးမြူရေး** | **ကျပန်း** |
| အိမ်ထောင်စု | ၁၈ | ၄၁ | ၂၄ | ၂၇ |

ရင်းမြစ်...(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ စုစုပေါင်း အိမ်ထောင်စု၏(၁၆.၃၆%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၃၇.၂၇%)၊မပြေလည်သော အိမ်ထောင်စုမှာ(၂၁.၈၂%)နှင့်အလွန်မပြေလည်သော အိမ်ထောင်စုမှာ(၂၄.၅၅%)ဖြစ်ပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ အများဆုံးဖြစ်ပြီး မပြေလည်သောအိမ်ထောင်စုမှာ အနည်းဆုံးဖြစ် ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဌစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | အခြားအစာပြောင်းလဲစား = --------------------<br>အစာလျှော့စား = --------------------<br>အထောက်အပံ့ယူ = --------------------<br>ချေးယူ = --------------------<br>လုပ်အားခကြိုယူ = -------------------- |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = --------------------<br>အစာလျှော့စား = --------------------<br>အထောက်အပံ့ယူ = --------------------<br>ချေးယူ = --------------------<br>လုပ်အားခကြိုယူ = -------------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ဖေလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

ရင်းမြစ်..ဥစ္စာစနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖေ၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို၊ မသန်စွမ်းသည့် ပုဂ္ဂိုလ်၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး၊ မုဆိုးဖိုဦးဆောင်သော အိမ်ထောင်စုများမရှိပါ။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☑ လတ်☐ နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၇ | လျှော်ကို | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာတွင် ထိခိုက်သက်ရောက်မှုအနေဖြင့် မိုးခေါင်ခြင်းသည် အမြင့်ဆုံးဖြစ်ပြီး ငှက်ဖျားရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုမရှိကြောင်း တွေ့ရပါ သည်။ မိုးခေါင်မှုမြင့်မားခြင်းကြောင့် သီးနှံအထွက်နည်းခြင်းဆုံးရှုံးခြင်း ဒဏ်ကိုခံစားရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| **၁၅** | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| **၁၆** | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| **၁၇** | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ်**…**ဦးတည်အုပ်စုဆွေးနွေးခြင်း **–** ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ထိခိုက်နိုင်မှု အန္တရာယ် နိမ့်၊လတ်၊မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ။ ထို့နောက် ၄င်းပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့်၊လတ်၊မြင့် သတ်မှတ်ရန်ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာတွင် လူငယ်အများစုသည် ငယ်ရွယ်သူများဖြစ်ခြင်း၊ အမှားအမှန်ကောင်းစွာမခွဲခြားနိုင်ခြင်း၊ စိတ်လိုက်မာန်ပါလုပ်တက်ခြင်းများကြောင့် ထိခိုက်လွယ်မှုမြင့်မားသူများဖြစ်ပါသည်။ လက်လုပ်လက်စားကျပန်းများအတွက်လည်း ထိခိုက်လွယ်မှုမြင့်မားသည်။

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဓမ္မာစကြာ ဝတ်အသင်း | ၁☐၂☐၃☑ | | ၁၅ | ၁၅ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | အမျိုးသမီး အဖွဲ့ | ၁☐၂☑၃☐ | | ၂၀ | ၂၀ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၃ | | ၁☐၂☐၃☐ | | | | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၄ | | ၁☐၂☐၃☐ | | | | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ်........ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။နဘဲကန်ကျေးရွာတွင် ဘာသာရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော ဓမ္မစကြာဝတ်အသင်းအဖွဲ့နှင့် လူမှုရေးကို အခြေခံ၍ ဖွဲ့စည်းထားသော အမျိုးသမီးအဖွဲ့၊ စုစုပေါင်း(၂)ဖွဲ့ရှိပါသည်။အဖွဲ့အစည်းများအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကိုအားကြိုးမာန်တက်လုပ်ကိုင်သည်ကိုတွေ့ရှိရပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar | ၁☐၂☑၃☐၄☐၅☐၆☐၇☐ | ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၃ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၄ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missionsစသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmarစသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid,စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများနိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်)တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။နဘဲကန်ကျေးရွာတွင် စီးပွားရေးကိုအခြေခံသောအစိုးရ မဟုတ်သောအဖွဲ့အစည်းဖြစ်သည့် Pact Myanmar မှ ငွေကြေးလုပ်ငန်းကို လုပ်ကိုင်လျှက်ရှိပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ–၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၁၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၁၅ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၁၈ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၉ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | | ၁၁၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။နဘဲကန်ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၅၃)စုရှိပြီးကျေးရွာအိမ်ထောင်စု ၏(၄၈)%ဖြစ်ပါသည်။ တောင်သူလတ်မှာ ဒုတိယအများဆုံးဖြစ်ပြီး စိုက်ပျိုးမြေမရှိသောမြေယာမဲ့များမှာ တောင်သူလုပ်သားနှင့် ဆောက်လုပ်ရေးလက်သမားများ အများစုလုပ်ကိုင်ကြသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐ မရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐ မရှိ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐ မရှိ☐ |
| ၄ | ရေသွင်း မြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐ မရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐ မရှိ☐ |
| ၆ | လက်ငင်ရေ တွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐ မရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐ မရှိ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐ မရှိ☐ |

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာတွင် နဘဲကန်ဆည်ရှိသော်လည်း ဆည်ရေကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခွင့်မရရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းကို မိုးရွာသွန်းမှုအပေါ်သာ မှီခို၍ စိုက်ပျိုးကြရသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| မြေပဲ | ၃၀ | တင်း | ၁၅ | ၂၅ | ၂၀ | ဝါဆို | သီတင်းကျွတ် | မြင့်☐လတ်☐နိမ့်☑ | မြင့်☐လတ်☐နိမ့်☑ |

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| နှမ်း | ၃၀ | တင်း | ၁၀ | ၁၅ | ၁၂.၅ | ကဆုန် | နယုန် | မြင့်☐လတ်☐နိမ့်☑ | မြင့်☐လတ်☐နိမ့်☑ |
| ပြောင်း | ၅၀ | တင်း | ၇ | ၁၀ | ၈.၅ | ဝါဆို | တန်ဆောင်မုန်း | မြင့်☐လတ်☐နိမ့်☑ | မြင့်☐လတ်☐နိမ့်☑ |
| ဝါ | ၂၀ | ပိဿာ | ၃၀ | ၅၀ | ၄၀ | ကဆုန် | တော်သလင်း | မြင့်☐လတ်☐နိမ့်☑ | မြင့်☐လတ်☐နိမ့်☑ |
| ပဲစင်းငုံ | ၂၀ | တင်း | ၉ | ၂၀ | ၁၄.၅ | ကဆုန် | တော်သလင်း | မြင့်☐လတ်☐နိမ့်☑ | မြင့်☐လတ်☐နိမ့်☑ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။နဘဲကန်ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာ မြေပဲ၊နှမ်း၊ ပြောင်း၊ဝါနှင့်ပဲစင်းငုံကိုအဓိကထားစိုက်ပျိုးကြသည်။ကျေးရွာရှိယာမြေများမှာမြေဆီလွှာအရည်အသွေးညံ့ခြင်း၊ စိုက်ပျိုးရေမှာ မိုးရွာသွန်းမှုအပေါ်သာမှီခို၍ စိုက်ပျိုးကြရပြီး မိုးခေါင်ခြင်းကြောင့် အခြားသီးနှံများစိုက်ပျိုးမရပဲ သီးနှံအထွက်နှုန်းမှာလည်း ကျဆင်းလာသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂ | | | ၄၀ |
| လက်တွန်းထွန်စက် | | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | | | | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | | | | |

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာတွင် လယ်ယာသုံးစက်ကရိယာအနေဖြင့် ထွန်စက်(၂)စီး ရှိသည်။ နွားလှည်းရှိသူများမှ နွားရှဉ်းဖြင့် ထွန်ယက်ကြပြီး လှည်းမရှိသူများမှ ထွန်စက်ဖြင့် ငှါးရမ်း လုပ်ကိုင်ကြသည်။ ငှါးရမ်းခမှာ တစ်ကေလျှင် (၁၂၀၀၀ိ/-) ဖြစ်ပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာရွေးရန်။<br>ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐ အသင့်အတင့်ရှိ☑ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☑ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐<br>သီးနှံများကိုရောင်းချနိုင်သည်☑ |

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။နဘဲကန်ကျေးရွာတွင် ဝါနှင့် ပဲစင်းငုံကို အဓိကထားစိုက်ပျိုးကြသည်။ သီးနှံစိုက်ပျိုးရာတွင်သဘာဝရေမြေရာသီဥတုကိုမှီ၍စိုက်ပျိုးကြပြီးတစ်ခါတစ်ရံမိုးရွာသွန်းမှုမညီမျှ မှုနှင့်ရင်ဆိုင်ရသည်။ သီးနှံစိုက်ပျိုးရန်အတွက် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် Pact Myanmar တို့မှချေးငွေရရှိသည်။မျိုးကောင်းမျိုးသန့်သီးနှံများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီသြဇာမကောင်း ☑ ရာသီဥတုမမှန်☐ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☑<br>ပလပ်မြေအသင့်အတင့်ရှိသည် ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင်☐ လုံးဝမရ☑ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ |

ရင်းမြစ်(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ နဘဲကန်ကျေးရွာရှိ စိုက်ပျိုးရေးအနေဖြင့် ရာသီဥတုမမှန်ခြင်း၊ မြေဆီမြေဩဇာမကောင်းခြင်း၊ လုပ်သားရှားပါးခြင်း၊ ဖျက်ပိုးနှင့်ရောဂါကျရောက်မှုအနည်းငယ် တွေ့ရှိရသည်။ စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးရန်အတွက် စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။

**(ခ–၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၄၉ | ၁၄၈ |
| နို့စားနွား | ၅ | ၇ |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၄ | ၅၈ |
| သိုး | | |
| ဝက် | ၁၅ | ၂၀ |
| ကြက် | ၂၀ | ၂၂၂ |
| ဘဲ | ၁ | ၁ |
| နွားနောက် | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။နဘဲကန်ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်အတွက် နွားကို အဓိကထားမွေးမြူကြသည်။ တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် ဆိတ်၊ ဝက်၊ ကြက်များကို မွေးမြူကြသည်။ မွေးမြူရေးကဏ္ဍကို စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမို အဆင်ပြေလာနိုင်သည်။

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု အခွင့်အလမ်းများ

**ဇယား(၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ ☐ အသင့်အတင့်☑ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် ☐<br>မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☑ |
| ဈေးငွေ | ဈေးငွေလွယ်ကူစွာရနိုင်☐ဈေးငွေအသင့်အတင့်ရနိုင်☑ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေး စသည်) ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သွင်းအားစုများဝယ်ယူနိုင်သည် ☑ |
| ဝန်ဆောင်မှုနှင့်နည်းပညာ ပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများအလွယ်တကူ ရနိုင်သည်။☐<br>နည်းပညာဝန်ဆောင်မှုများရနိုင်သည်။☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည်☐ |
| အိမ်ခြံဝင်းအတွင်းမြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည်☐အသင့်အတင့်ရှိသည်☑ |
| ငါးလုပ်ငန်း | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေ အနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
